**မီးဘေးနှင့် မတော်တဆမှုဆိုင်ရာ မူဝါဒ**

ကျောင်းတိုင်းသည်ဘေးကင်းလုံခြုံပြီး သင်ယူမှုအတွက်အထောက်အကူပြုသော ပတ်ဝန်းကျင်ကိုဖန်တီးပေးရန် ကြိုးစားကြသည်။ သို့သော် မတော်တဆမှုများနှင့်ထိခိုက်မှုများသည် မည်သည့်နေရာ၊ မည်သည့်အချိန်တွင်မဆို ဖြစ်ပွားနိုင်သည်။ ကျောင်း၏လူမှုပတ်ဝန်းကျင်သည်လည်း မတော်တဆမှုများမှကင်းလွတ်သည်မဟုတ်ပါ။ ထို့ကြောင့် Brainworks-Total Group of schools ကျောင်းများသည် မီးဘေးနှင့်မတော်တဆမှုများအတွက် စည်းကမ်းတင်းကြပ်သောမူဝါဒများကိုချမှတ်ကာ ထိုသို့သောအန္တရာယ်များကို လျှော့ချရန်ကြိုးပမ်းဆောင်ရွက်ထားပါသည်။

**မီးဘေးအတွက်အရေးပေါ်တုံ့ပြန်မှု**

ကျောင်းတစ်ကျောင်းသည် ကျောင်းသားရာပေါင်းများစွာကို ဘေးကင်းစွာနှင့်ထိရောက်စွာရွှေ့ပြောင်းနိုင်ရန်အတွက် တိကျမှန်ကန်သောအချက်အလက်များ၊ ကောင်းမွန်သောစည်းကမ်းလိုက်နာမှုနှင့် ပုံမှန်လေ့ကျင့်မှုများလိုအပ်ပါသည်။ Brainworks-Total Group of schools ကျောင်းများသည် ထိုသို့သောမလိုလားအပ်သည့်အခြေအနေများအတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားပါသည်။

- Brainworks-Total Group of schools သည် အဆောက်အဦးနှင့်မီးဘေးလုံခြုံရေး စံချိန်စံညွှန်းများကို လိုက်နာပြီး အဆောက်အဦးနှင့်စက်ပစ္စည်းကိရိယာများကို ပုံမှန်ထိန်းသိမ်းမှုနှင့်အဆင့်မြှင့်တင်မှုများပြုလုပ်ပါသည်။
- ကျောင်းဝင်းအတွင်းရှိ အထပ်တိုင်းနှင့်ထောင့်တိုင်းတွင် မီးဘေးကာကွယ်ရေးဆိုင်ရာလိုအပ်သောပစ္စည်းကိရိယာများတပ်ဆင်ထားပါသည်။ မီးခိုးလွှတ်စက်၊ မီးသတ်ပိုက်၊ ထွက်ပေါက်လမ်းကြောင်းများ၊ လမ်းညွှန်အမှတ်အသားများနှင့်သင်္ကေတများကို ပုံမှန်စစ်ဆေးပြီးထိန်းသိမ်းထားပါသည်။
- ကျောင်းတွင် ပညာသင်နှစ်တစ်နှစ်လျှင် မီးဘေးလေ့ကျင့်ခန်းကိုပုံမှန်စီစဥ်ထားပါသည်။ ဝန်ထမ်းအားလုံး (အသစ်နှင့်အဟောင်း) အား မီးဘေးအတွက်လက်ရှိနှင့်အသစ်ပြဋ္ဌာန်းထားသော လုပ်ထုံးလုပ်နည်းများကို သင်ကြားပေးထားပါသည်။
- ကျောင်းသားအားလုံး (ကိုယ်လက်အင်္ဂါချို့တဲ့သူများမှလွဲ၍) သည် မီးဘေးလေ့ကျင့်ခန်းတွင်ပါဝင်ရန် မဖြစ်မနေလိုအပ်ပြီး ဘေးကင်းရေးဆိုင်ရာနည်းလမ်းများကိုသင်ယူရပါမည်။ လေ့ကျင့်ခန်း၏ထိရောက်မှုကို မှတ်တမ်းတင်ထားပါသည်။
- သတ်မှတ်ထားသောဘေးကင်းရေးဇုန်သို့ ရွှေ့ပြောင်းပြီးနောက် စာရင်းစစ်ဆေးမှုများပြုလုပ်ပြီးလျှင် ကျောင်းလုံခြုံရေးအဖွဲ့သည် ကျွမ်းကျင်သောအရေးပေါ်ဝန်ဆောင်မှုများကို ကူညီဆောင်ရွက်ပေးပါမည်။
- မီးဘေးဖြစ်ပွားရသည့်အကြောင်းအရင်းတွင် ပေါ့လျော့မှု၊ ပစ္စည်းဖျက်ဆီးမှု (သို့မဟုတ်) စနစ်တကျမဟုတ်သောလုပ်ရပ်များပါဝင်နေပါက မီးရှို့မှုအဖြစ်သတ်မှတ်ပြီး တရားဥပဒေနှင့်အညီစုံစမ်းစစ်ဆေးမှုများပြုလုပ်ပါမည်။

**မတော်တဆမှုများနှင့် ကျန်းမာရေးအရေးပေါ်အခြေအနေများ**

- Brainworks-Total Group of schools ရှိ ကျန်းမာရေးစောင့်ရှောက်မှုပေးသောဝန်ထမ်းများသည် လိုအပ်သောအရည်အချင်းပြည့်မီသူများဖြစ်ပါသည်။ ကျောင်းခွဲအများစုတွင် ကျန်းမာရေးဝန်ထမ်းများအချိန်ပြည့်ရှိပြီး အချို့ကျောင်းခွဲများတွင် ဖုန်းဖြင့်ဆက်သွယ်နိုင်သောကျန်းမာရေးဝန်ထမ်းများရှိပါသည်။
- ကျောင်းတွင် ရှေးဦးပြုစုကုသမှုအတွက် အခြေခံလိုအပ်သောဆေးဝါးများနှင့်ပစ္စည်းကိရိယာများ (ဖျားနာခြင်း၊ ရာသီတုတ်ကွေးလက္ခဏာများ၊ ယားယံခြင်း၊ ဗိုက်အောင့်ခြင်း၊ ဝမ်းပျက်ခြင်း၊ မူးဝေအော့အန်ခြင်း၊ နာကျင်ကိုက်ခဲခြင်း၊ အပူလောင်ခြင်း) နှင့် (အပူချိန်တိုင်းစက်၊ သွေးပေါင်ချိန်စက်၊ သွေးတွင်းအောက်စီဂျင်တိုင်းစက်၊ အောက်စီဂျင်အိုး၊ ဆီးချိုတိုင်းစက်) စသည်တို့ကို အဆင်သင့်ထားရှိပါသည်။

- မတော်တဆထိခိုက်မှုဒဏ်ရာများ (ဥပမာ - ခြစ်ရာ၊ ပွန်းပဲ့ရာ၊ အပေါ်ယံထိခိုက်ဒဏ်ရာ၊ သွေးထွက်ဒဏ်ရာ) နှင့် နှာခေါင်းသွေးယိုခြင်းများ) ကို ကျောင်းဆေးခန်းမှပြုစုပေးပါသည်။
- အခြားသောအခြေအနေများ (ဥပမာ - နက်ရှိုင်းသောထိခိုက်ဒဏ်ရာ၊ အရိုးကျိုးခြင်း၊ အရိုးကျိုးသည်ဟု သံသယရှိခြင်း၊ ပြင်းထန်သောအပူလောင်ခြင်း၊ အရွတ်တွင်ပြင်းထန်စွာဒဏ်ရာရခြင်း၊ ခေတ်မတည့်မှုဖြစ်ခြင်း၊ အူအတက်ရောင်သည်ဟုသံသယရှိခြင်း၊ အသက်ရှူရခက်ခဲခြင်း စသည်တို့) အတွက် အနီးဆုံးဆေးရုံသို့ စောလျင်စွာအချိန်မီပို့ဆောင်ပေးပါသည်။ မိဘ/အုပ်ထိန်းသူထံသို့ သတင်းပို့ခွင့်ပြုချက်ရယူပြီးမှသာ ဆေးရုံ ဆေးခန်းသို့ပို့ဆောင်ပါသည်။ ဆေးရုံသို့ပို့ဆောင်ရာတွင် နှောင့်နှေးမှုမရှိစေရန် ကျောင်းမှမူဝါဒချမှတ်ထားပါသည်။ သို့သော် လမ်းပိတ်ဆို့မှုများနှင့် ဖုန်းလိုင်းများမရရှိခြင်းကဲ့သို့သောအခြေအနေများကို တစ်ခါတစ်ရံ ရှောင်လွှဲမရဘဲကြုံတွေ့နိုင်ပါသည်။
- မိဘ/အုပ်ထိန်းသူမှ စာဖြင့်မှာကြားထားခြင်း၊ ဖုန်းဖြင့်ခွင့်ပြုချက်ရယူထားခြင်း မရှိပါက ကျောင်းမှကျောင်းသားအား မည်သည့်ဆေးဝါးမျှတိုက်ကျွေးမည်မဟုတ်ပါ။
- မတော်တဆထိခိုက်သွေးထွက်ဒဏ်ရာများအတွက်ပြုစုခြင်းသည် ဒဏ်ရာကိုဆေးကြောသန့်စင်ခြင်း၊ ပိုးသတ်ဆေးလိမ်းခြင်း (Betadire)၊ ပတ်တီးစည်းပေးခြင်းကိုသာပြုလုပ်ပေးပါသည်။
- ကျောင်းတွင် မတော်တဆထိခိုက်မှုများ၊ နာမကျန်းဖြစ်ခြင်းများအတွက်ပြုစုပေးခြင်းနှင့် တုံ့ပြန်မှုများကို ကျောင်းဆေးခန်းရှိကျန်းမာရေးဝန်ထမ်းများမှ မှတ်တမ်းတင်ထားပါသည်။
- ကျောင်းသားများ၏ ကျန်းမာရေးအတွက်အန္တရာယ်ရှိနိုင်သည့် ကူးစက်ရောဂါလက္ခဏာများ (ဥပမာ - ပါးစပ်ခြေလက်များတွင်အနာဖြစ်ခြင်း၊ ရေကျောက်၊ ပြင်းထန်တုတ်ကွေးလက္ခဏာများ၊ ဝမ်းပျက်ဝမ်းလျှော ခြင်း) ရှိပါက ဆရာဝန်မှဘေးကင်းသည်ဟုအတည်ပြုသည်အထိ အိမ်တွင်အနားယူစေပါသည်။

ကျောင်းသားတစ်ဦးသည် အခြားသူများ၏ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံမှုကို အန္တရာယ်ဖြစ်စေသောအပြုအမူများ (နောက်ပြောင်ခြင်း (သို့မဟုတ်) ရည်ရွယ်ချက်ဖြင့်) ပြုလုပ်ပါက ထိုကျောင်းသားအား ကျောင်းမှထုတ်ပယ်ခွင့်ရှိပါသည်။